# ကင်းတပ်ကျေးရွာ

# မြိတ်မြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၇-၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကင်းတပ်ကျေးရွာ၊မြိတ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | |
| | (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | ၁၁-၁၂ |
| | (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု | ၁၂-၁၃ |
| ၂ | ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ | |
| | (က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား | ၁၃ |
| | (ခ) သဘာဝအရင်းအမြစ်များ | ၁၄ |
| ၃ | ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | |
| | (က) လူဦးရေဆိုင်ရာအချက်အလက်များ | ၁၄ |
| | (ခ) စီးပွားရေးအခြေအနေ -ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု | ၁၄ |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု | ၁၅ |
| | (ဃ) ကျန်းမာရေးနှင့်အာဟာရ | ၁၅ |
| | (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | ၁၆ |
| | (စ) ကျား/မဆိုင်ရာဆက်နွယ်မှု | ၁၇ |
| ၄ | ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ် | ၁၇ |
| | (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ | ၁၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၁၈ |
| | (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | ၁၈ |
| | (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၈-၁၉ |
| | (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၉-၂၀ |

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု ၂၀

(ဇ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး ၂၀-၂၁

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၂၁

၅ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများအဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ ၂၁-၂၂

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၂-၂၃

၆ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက်ပန်းတိုင် ၂၄

(ခ) နည်းဗျူဟာ ၂၄-၂၅

၇ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များကိုဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၅

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း ၂၆

(ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ၂၆

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းပညာနှင့် ဈေးကွက်အတွက်အထောက်အပံ့များဖြည့်ဆည်းပေးခြင်း ၂၆-၂၇

၈ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၇

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ၂၇

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း ၂၇-၂၈

(ဂ) ဦးစားပေးစီမံချက်များ ၂၈-၃၁

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၃၂

| | | |
|---|---|---|
| ၉ | ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် | ၃၃-၃၄ |
| ၁၀ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ | ၃၄ |
| | (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ | ၃၂ |
| | (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ | ၃၅ |
| | (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ | ၃၅ |
| | (ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလည်ပတ်ရန်နှင် ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ | ၃၆ |
| ၁၁ | စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း | ၃၆ |
| | (က) ကြီးကြပ်စစ်ဆေးခြင်း | ၃၆-၃၇ |
| | (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း | ၃၇-၃၈ |
| | (ဂ) နည်းပညာဆိုင်ရာအကူအညီ | ၃၈ |

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

**(၁) လူမှုစီးပွါးရေးအခြေအနေ**


ဇယား ၁ လူဦးရေနှင့် လူဦးရေးဆိုင်ရာအချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မ အလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင်အနည်းဆုံး နှစ်နပ်စားနိုင်သည့် **အိမ်ထောင်စုများ**

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု


**(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**


ဇယား ၁၁ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းမြစ်နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု ၊ ဈေးကွက်လက်လှမ်းမီမှု ၊ အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် အဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ

**အလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား ၃၀ ပညာရေးနှင့် စာတတ်မြောက်မှု
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ

ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား ၄၈ မှုခင်းဖြစ်ပွါးမှုအခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့် အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ဇယား ၄၉ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဇယား ၅၀ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)**

ဇယား ၅၁ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

**ကိုးကားစာရင်း**

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်**

**စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကင်းတပ်ကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် လောင်းလုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်ဟု သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော

လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန် လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံချက်တွင် အပိုင်း (၂)ပိုင်းပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာအချက်အလက် အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင် ပါသည်။

မတ်လ၊၂၀၁၈ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကင်းတပ်ကျေးရွာ ၊ မြိတ်မြို့နယ်

## ကင်းတပ်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မြိတ်မြို့နယ်




**ရည်ညွှန်း** - ကင်းတပ်ကျေးရွာ၊ မဇောကျေးရွာအုပ်စု၊ မြိတ်မြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။( ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

## အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်

### (၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

#### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါ သည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာ ပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီး နောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်အများပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ အတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွါးရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ ငါးနှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်ဖြစ်သောအစိုးရဌာနများ ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ ၊ ပုဂ္ဂလိကကဏ္ဍဘဏ်များ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါ သည်။

ကျွန်ုတို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့် ၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့်

ကျေးရွာလူထု၏ လိုလားချက်နှင့်၎င်းတို့၏စီးပွါးရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင် မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်) ၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစည်းညှိနှိုင်းစီစဉ်မှုများ ပြုလုပ်နိုင်ပါမည်။

**(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစီးပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက်ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက်အကျဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းဆက်စပ်နေသောဒေသတစ်ခုဖြစ်ပါသည်။ မြိတ်မြို့နယ်သည် တနင်္သာရီတိုင်းဒေသကြီး၏ မြောက်ဘက်ပိုင်းတွင်တည်ရှိပြီး တနင်္သာရီမြို့နယ်၊ ပုလောမြို့နယ်၊ ကျွန်းစုမြို့နယ်များနှင့် ထိစပ်လျက်ရှိ ပါသည်။

မြိတ်မြို့နယ်၏ (၂၀၁၇)ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၅၀)ရက်နှင့် မိုးရေချိန်မှာ (၁၈၉.၇၂) လက်မအထိဖြစ်ပါသည်။ အပူပိုင်းမုတ်သုံရာသီဥတုဖြစ်ပြီး တစ်နှစ်ပျမ်းမျှ အပူချိန်မှာ (၂၇) ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။

ကင်းတပ်ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ မဇောကျေးရွာအုပ်စုတွင်ပါဝင်ပါသည်။ မြိတ် - တနင်္သာရီ ကားလမ်းမပေါ်တွင် တည်ရှိပြီး မြိတ်မြို့နယ်မှ (၂၄) မိုင်ခန့်နှင့် တနင်္သာရီမြို့နယ်မှ (၂၂) မိုင်ခန့်သာကွာဝေးသဖြင့် နေ့ချင်းပြန်ပင် သွားရောက်ကြပြီး ကုန်စည်စီးဆင်းမှုမှာ အဆင်ပြေချောမွေ့ပါသည်။ ပတ်ဝန်းကျင်ကျေးရွာများမှာ အရှေ့တောင်ကျေးရွာ၊ မြင်သာကျေးရွာ၊ ပြင်ကြီး ကျေးရွာ၊ ခံမော်အရှေ့၊ ရှမ်းထိန်၊ ဝိုင်းတောင်၊ သကန်(ကရင်)၊ တောတန်းကျေးရွာတို့ဖြစ်ပါသည်။ ကင်းတပ်ကျေးရွာသည် စပါးစိုက်ပျိုးခြင်းလုပ်ငန်း ၊ ဥယျာဉ်ခြံလုပ်ငန်း၊ ပန်းရံလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကျပန်းလုပ်ငန်းနှင့် ဖျာ (တကျက်ဖျာ) ယက်လုပ်ခြင်း စသည့်တို့ကို လုပ်ကိုင်ကြပါသည်။

### (ခ) သဘာဝအရင်းအမြစ်များ

ကင်းတပ်ကျေးရွာတွင် ခေတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ တောတိရိစ္ဆာန်များမှာလည်း ရော်ဘာခြံများ ချဲ့ထွင်စိုက်ပျိုးလာမှုကြောင့် ယခင်ကထက် ရှားပါးလာပါ သည်။

## (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေးဆိုင်ရာအချက်အလက်များ

ကင်းတပ်ကျေးရွာတွင် အိမ်ခြေပေါင်း (၁၉၈) ရှိပြီး၊ လူဦးရေစုစုပေါင်း (၉၄၆ ) ဦး ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၇၇) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၂.၀၈) ဦးနှုန်းနှင့် နှိုင်းယှဉ်လျှင် ပိုမိုနေပါသည်။ အသက် (၁၅) နှစ်မှ (၆၀) အထိ လူဦးရေမှာ ( ၇၀၀ ) ဦးရှိသဖြင့် ကျေးရွာ၏လူသားအရင်းအမြစ်များအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုများပေးနိုင်ပါ သည်။

### (ခ) စီးပွါးရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၂၂.၇၂) % ခန့် ဆင်းရဲသားအိမ်ထောင်စုများ ဖြစ်ကြသည်။ အင်းကြီးကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၂၀) အိမ်ခန့်ရှိ၍ လယ်၊ဥယျာဉ်ခြံ (၅ဧက နှင့် ၁၀ဧက) အထက် ပိုင်ဆိုင်ထားသူများဖြစ်ကြသည်။ အချို့အိမ်များမှာ ဥယဉ်ခြံမရှိဘဲ ကား၊ ဆိုင်ကယ် (၂) စီးခန့် ပိုင်ဆိုင်ထားသူများ၊ အိမ်အခြေအနေများမှာ တစ်ထပ်တိုက်၊ နှစ်ထပ်တိုက်များဖြစ်ကြ၍ အချို့မှာ ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းချသူများဖြစ်သည်။ အလယ်လတ်အိမ်ထောင်စုမှာ (၄၀) အိမ်ခန့်ရှိပြီး ယေဘုယျအားဖြင့် ရာဘာခြံ (၁ဧက မှ ၄ဧက) ကြားရှိ၍၊ ဆိုင်ကယ်(၁)စီး၊ နွား၊ မြက်ရိတ်စက်၊ ရေစုပ်စက်၊ ထော်လာဂျီ ၊ ကွမ်းသီးခြံအနည်းငယ်ပိုင်ဆိုင်ထားသူများဖြစ်ကြသည်။ အိမ်အခြေအနေများမှာ တိုက်တစ်ပိုင်းအိမ်တစ်ပိုင်းနှင့် ပျဉ်ထောင်အိမ်များ ဖြစ်ကြပြီး မိသားစုအချို့မှာ ဈေးဆိုင်အသေးလေးများဖွင့်လှစ်ရောင်းချသူများဖြစ်ကြသည်။ ဝင်ငွေနည်းမိသားစုများမှာ ကျေးရွာအိမ်ထောင်စု၏(၄၆.၉၇)%ခန့်ရှိပြီး ဆိုင်ကယ်(၁)စီး ပိုင်ဆိုင်၍ အိမ်အခြေအနေများမှာ ယိုင်၊ဝါး၊ဓနိကာ၊ပျဉ်ကာများဖြစ်ကြပြီး အချို့မှာ ဆိုင်ကယ်မပိုင်ဆိုင်သော အိမ်များလည်းရှိကြသည်။ ဝင်ငွေအနည်းဆုံး သော မိသားစုများမှာ မြေယာမဲ့အိမ်များဖြစ်ကြပြီး ကျေးရွာအိမ်ထောင်စု၏ (၁၅) % ဖြစ်ပြီး ကျဘန်းလုပ်သားများဖြစ်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာမှ ဆင်းရဲမှုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏ (၇) % ဖြစ်သော အိမ်ထောင်စု (၁၀)ခုကို လေ့လာဆန်းစစ်ချက်အရ ယင်းတို့မှာ သူတစ်ပါးထံ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း၊ အချို့မှာ သူတစ်ပါးထံမှ မချေးမငှားဘဲ သုံးလခန့်စား သုံးနိုင်ကြကြောင်း အချို့မှာ လုပ်အားခအကြိုယူ၍ စားသုံးရကြောင်း၊ သူတစ်ပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရပါသည်။ မြေယာမဲ့ ကျဘန်းအလုပ်သမားများမှာ အခြားသောအချိန် များတွင် ခေါက်ပြန်ကြွေးယူခြင်း၊ အတိုးဖြင့်ငွေချေးခြင်း၊ အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရ ပါသည်။ ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေ များပြားကြသည်။ အလားတူအိမ်ထောင်ဦးစီးများက ရွာပြင်ပတွင် သွားရောက် အလုပ်လုပ်နေကြသော အိမ်ထောင်စု (၁၀) ခုနှင့် တစ်ခုလပ် ဦးဆောင်သည့် အိမ်ထောင်စု (၂) ခုတို့သည် ထိခိုက်လွယ်သော အိမ်ထောင်စုများ ဖြစ်ကြသည်။ အခြားထိခိုက်လွယ်သည့် အိမ်ထောင်စု (၂) ခုမှာ မိသားစု စောင့်ရှောက်မှု နည်းပါးသည့် သက်ကြီးရွယ်အိုများ ဖြစ်ကြ သည်။

### (ဃ) ကျန်းမာရေး နှင့် အာဟာရ

ကျေးရွာ၏လက်ရှိကျန်းမာရေးအခြေအနေကို သုံးသပ်ချက်အရ ကျေးလက် ဆေးပေးခန်း၊ သူနာပြုဆရာမများ မရှိသောကြောင့် ကျေးရွာရှိ အိမ်ထောင်စုများ အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ရရှိနိုင်ခြင်းမရှိပါ။ ရောဂါပြင်းထန်လျှင် မြိတ်မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ကုသကြရပါသည်။ ဝမ်းပျက်၊ ဝမ်းလျှော ၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျားရောဂါ စသည့်ရောဂါများ ဖြစ်ပွားမှု နည်းပါးလာအောင် အသိပညာပေး ဟောပြောပွဲများကို ကျေးရွာအတွင်း world vision အဖွဲ့အစည်းမှ ပြုလုပ်ကြောင်း တွေ့ရှိရပါသည်။ ထို့နောက် ကျေးရွာအတွင်း ယင်လုံအိမ်သာများ သုံးစွဲနိုင်ရန် အသိပညာပေး ဆွေးနွေးခြင်း၊ ယင်လုံအိမ်သာ များကို world vision မှ လှူဒါန်းသော်လည်း အချို့မှာ မြေယာပိုင်ဆိုင်မှု မရှိသဖြင့် ယင်လုံအိမ်သာဆောက်ရန် အခက်အခဲရှိ၍ ထိုမြေယာမဲ့ အိမ်ထောင်စုများသည် များသောအားဖြင့် တောထိုင်အိမ်ထောင်စုများ ဖြစ်သည်။ ထိုမြေယာမဲ့ အိမ်ထောင်စု များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါများ အနည်းငယ်ဖြစ်တတ်ကြောင်း တွေ့ရှိရပါ သည်။ ထို့ကြောင့် ကျေးရွာတွင် ကျေးရွာကျန်းမာရေး ဆေးပေးခန်း၊ သူနာပြုဆရာ၊ ဆရာမများသာရှိလျှင် ကျေးရွာရှိ အိမ်ထောင်စုများ အခြေခံကျန်မာရေး စောင့်ရှောက်မှုနှင့် ကျန်းမာရေး အသိပညာဗဟုသုတများတိုးပွားလာမည်ဖြစ်ပြီး ကျေးရွာရှိ ကျန်းမာရေးဆေးပေးခန်း အမှန်တကယ် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်နေပါသည်။

ကင်းတပ်ကျေးရွာတွင် သောက်ရေ၊ သုံးရေအတွက် ရေတွင်း၊ အဝီစိတွင်းများကို အဓိကထား၍ သုံးစွဲကြပြီး နွေ ၊ မိုး၊ ဆောင်း သောက်သုံးရန်လုံလောက်သဖြင့် ပြဿနာ မရှိပါ။ တစ်ရွာလုံးအနေဖြင့် အဝီစိတွင်းမှရသော ရေကိုသောက်ရေ၊ သုံးရေအတွက် ဝယ်သုံးနေရပါသည်။ ထိုကျေးရွာတွင် လက်တူးတွင်းတူးရန် အခက်အခဲရှိသဖြင့် အဝီစိတွင်းတူးမှသာ အဆင်ပြေမည်ဖြစ်၍ သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်၍ အဝီစိတွင်းများ ပြုလုပ်ပေးမည်ဆိုပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

## (င) ပညာရေး နှင့် ကျွမ်းကျင်မှုများ

ကင်းတပ်ကျေးရွာတွင် စာတက်မြောက်မှုမှာ (၉၄)% ရှိပြီး အားလုံးနီးပါး မူလတန်းအဆင့် ပညာသင်ကြားခဲ့ရပါသည်။ ကျေးရွာရှိလူဦးရေနှင့် နှိုင်းယှဉ်လျှင် အလယ်တန်းနှင့် အထက်တန်းပညာ သင်ကြားပြီးဆုံးသူဦးရေ ရာခိုင်နှုန်းမှာ အလွန်ပင်နည်းပါးပါသည်။ အလယ်တန်းအဆင့် တက်ရောက်ဖူးသူ (၃၃၂) ဦး၊ အထက်တန်းအဆင့် တက်ရောက်ဖူးသူ (၉၈) ဦးနှင့် ဘွဲ့ရသူ (၃၄) ဦးအထိသာ ရှိပါသည်။

ကျေးရွာ၏ အဓိက စိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး ရော်ဘာဈေးနှုန်းကျဆင်းပြီး နောက်ပိုင်း ရော်ဘာပင်ကြားတွင် ဈေးနှုန်းတည်ငြိမ်သော ကွမ်းသီးပင်များကို ကြားညှပ် စိုက်ပျိုးသူများအနည်းငယ်ရှိပါသည်။ နွား၊ ဒေသကြက် ၊ တစ်နိုင်တစ်ပိုင် မွေးမြူကြသူများလည်းရှိသည်။ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသော်လည်း ငွေကြေးအရင်းအနှီးများ လက်လှမ်းမှီသလောက် လုပ်ကိုင်နိုင်ရန်နှင့် မိမိတို့ကျေးရွာ ပတ်ဝန်းကျင် ဈေးကွက်များနှင့် ချိန်ဆလုပ်ကိုင်နိုင်မည့် အသိပညာများ၊ မွေးမြူရေးအသိပညာများ ဆက်လက်လေ့လာရန် လိုအပ်အုံးမည်ဖြစ်ပါ သည်။

ကျဘန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် လယ်အငှား စိုက်ပျိုးခြင်း၊ ပန်းရံလုပ်ခြင်း၊ လမ်းလုပ်ငန်းလုပ်ကိုင်ခြင်း စသည့်တို့ကို လုပ်ကိုင်ကြပါသည်။ အထူးသဖြင့် ဂင်ငွေရရှိရန် (ရှမ်းပြည်) ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်လေ့ရှိသည်။ ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ ဈေးရောင်း ၊ လက်ဖက်ရည်ဆိုင် ၊ ကုန်စုံဆိုင် ၊ လက်သမား ၊ စက်ချုပ်၊ ပန်းရံလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

ကင်းတပ်ကျေးရွာ၏ ပညာရေးအခြေအနေ သုံးသပ်ရာတွင် ကျောင်းနေ အရွယ်ကလေးသူငယ်များသည် မူလတန်းပညာရေးအဆင့်ထိသာ အများဆုံး တက်ရောက်ပြီး အလယ်တန်းနှင့် အထက်တန်းများတွင် တက်ရောက်မှုအားနည်း ကြောင်းတွေ့ရပါသည်။ ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ စီးပွားရေးအခက်အခဲရှိခြင်းတို့ကြောင့် အထက်တန်းကျောင်းများသို့ ကျောင်းသွား တက်ရန် အဆင်မပြေသဖြင့် ကျောင်းထွက်ကလေးများနေခြင်း ဖြစ်ပါသည်။

### (စ) ကျား/မ ဆိုင်ရာ ဆက်နွယ်မှု

ကင်းတပ်ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့်အမျိုးသားဦးရေမှာ အတူတူပင်ဖြစ်သည်။ ကျား/မဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရကောင်းစွာသတ်မှတ်ထားကြသည်။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရတူညီစွာရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်သည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက် သည် ယောကျ်ားကလေးဦးရေ ထက်နည်းနေသော်လည်း အလယ်တန်းနှင့် အထက်တန်း များတွင် မအရေအတွက်မှာ ကျားအရေအတွက်နှင့် တန်းတူနီးပါးဖြစ်နေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုရကြပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုမှာ အမျိုးသားများနှင့်တန်းတူပင်ဖြစ်သည်။ ကျားမတန်းတူ ညီမျှမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မ တန်းတူ ညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## (၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာအဖွဲ့အစည်း၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးမှုဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကင်းတပ်ကျေးရွာ၏ လူမှုရေး၊သာရေး နာရေး၊ ပညာရေး ဘေးကင်းလုံခြုံရေးတို့အတွက်ရည်ရွယ်၍ ဂေါပကအဖွဲ့၊ နာရေးကူညီမှု ပရဟိတအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့စသည်ဖြင့် ဖွဲ့စည်းထားသော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု အားနည်းလျက်ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီးကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းအများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## (ခ) သီးနှံ၊ သား ငါး ထုတ်လုပ်ရေး ကဏ္ဍ

ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာစပါးဖြစ်ပြီး ရော်ဘာဈေးနှုန်းမကောင်းသော်လည်း အခြားစီးပွားရေးလုပ်ကိုင်ရန် လက်လှမ်းမှီမှုမရှိသဖြင့် စပါးစိုက်ပျိုးခြင်းလုပ်ငန်းကိုသာအဓိကထားပြီး တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြပါသည်။ ကင်းတပ်ကျေးရွာတွင် လယ်စိုက်ပျိုးခြင်းလုပ်ငန်းကို ဘိုးဘွားလက်ထက်တည်းက လုပ်ကိုင်နေကြသူများဖြစ်သည်။ ကျေးရွာတွင် မွေးမြူရေးကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ်လုပ်ကိုင်ခြင်းမဟုတ်ဘဲ စိုက်ပျိုးရေး၊ ကျဘန်းလုပ်ငန်း၊ ပန်းရံလုပ်ငန်းများဖြင့်သာတွဲဖက်၍ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင် လုပ်ကိုင်သူနည်းပါးပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ ဈေးရောင်း၊ လက်ဖက်ရည်ဆိုင် ၊ စက်ချုပ်၊ အစိုးရဝန်ထမ်း၊ လက်သမား၊ ပန်းရံလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ ကျဘန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် ရော်ဘာလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ အထူးသဖြင့် ဝင်ငွေရရှိရန် ရှမ်းပြည် (ထိုင်းနိုင်ငံ) သို့သွားရောက်လုပ်ကိုင်လေ့ရှိသည်။ လုပ်အားခများကို အိမ်တွင်ကျန်ခဲ့သော မိသားစုများထံပို့၍ စားဝတ်နေရေးကို ဖြေရှင်းကြရသည်။ အကယ်၍ ငွေပို့မှုနောက်ကျပါက (သို့) မလုံလောက်ပါက ငွေတိုးချေးသူများထံမှချေးယူ၍ စားဝတ်နေရေးကိုဖြေရှင်းကြရသည်။ ဘွဲ့ရအများစုမှာ ဒေသတွင်ပြန်လည်အခြေချသူထက် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သူအရေအတွက်မှာ ပိုမိုများပါသည်။ ပြည်ပ (ထိုင်းနိုင်ငံ) သို့ သွားရောက်လုပ်ကိုင်ခြင်းမဟုတ်လျှင် ဒေသအတွင်းပင် ဝန်ထမ်းလုပ်သူနှင့် မိဘလုပ်ငန်းများကိုဆက်လက်လုပ်ကိုင်ကြပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကင်းတပ်ကျေးရွာတွင် ကျေးရွာပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် မည်သည့် အဖွဲ့၊ မည်သည့်ဌာနများမှ သင်တန်းပေးခြင်း၊ ကြိုတင်စီမံပေးခြင်းမရှိပါ။ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ် နိုင်ရန်အတွက် ရေဒီယို၊ တီဗွီတို့မှ သိရှိရပါသည်။

## (င) ဘဏ် နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ

ကင်းတပ်ကျေးရွာတွင် လယ်ယာမြေ လုပ်ကိုင်မှုများရှိသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေများလည်းရှိပါသည်။ အဖွဲ့လိုက် ငွေစုငွေချေး အစီအစဉ်၊ ငွေချေးပေးမှုနှင့် အပေါင်ဆိုင်များမှ ချေးငွေရယူမှုများမှာ အလွန်နည်းပါးလှပါသည်။ အဓိကအားဖြင့် ဆွေးမျိုးများထံမှ ချေးယူကြပြီး

ဘက်စုံလိုအပ်မှုအတွက် ချေးယူကြခြင်း ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၁၀%) အတိုးနှုန်းဖြစ်ပြီး အပေါင်ခံပစ္စည်း အနည်းငယ် လိုအပ်ပါသည်။ ပိုင်ဆိုင်မှု မရှိလျှင် ချေးငွေရရှိရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာပြည်သူ အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး ) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားနေကြောင်း တွေ့ရှိရပါသည်။ ထိုကြောင့် အစိုးရဘဏ်များမှအတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများထုတ်ပေးပါက မိသားစုစားဝတ်နေရေးနှင့် ကိစ္စအဝဝအတွက် မှီခိုအဆင်ပြေနိုင်ကြောင်း တွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကင်းတပ်ကျေးရွာတွင် မူလတန်းကျောင်း (၁) ကျောင်းရှိပါသည်။ ယခုလက်ရှိတွင် စာသင်ကျောင်းဆောင် (၁) ဆောင်ရှိပါသည်။ စာသင်ကျောင်းဆောင်မှာ ( ၄၀× ၈၀ ) ပေ အရွယ်ဖြစ်၍ ထပ်မံတည်ဆောက်နေသော ကျောင်းဆောင်မှာ (၉၀×၃၀) ပေ အရွယ်ရှိပါသည်။ ကျောင်းတွင် ဆရာမ (၇)ဦးရှိပါသည်။ ကျောင်းတွင် စာသင်ဆောင်နှင့် ကျောင်းအိမ်သာများ၊ပရိဘောဂလုံလောက်မှု အသင့်အတင့်ရှိပါသည်။ ကျေးရွာ မူလတန်းကျောင်းသည် ကျေးရွာနှင့်(၁)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျောင်းသား/သူများသည် စာသင်ယူရန် အဝေးသို့သွားရောက်သင်ယူရခြင်းမရှိဘဲ ကျေးရွာအတွင်း လွယ်ကူစွာ တက်ရောက်နိုင်ပါသည်။ မူလွန်အဆင့်ပညာရေးအား ကျေးရွာမှ (၁) မိုင်ခန့်ဝေးသော ကျေးရွာစာသင်ကျောင်းသို့ သွားရောက်၍သင်ယူရပါသည်။ စက်ဘီးရှိသောကလေးများက စက်ဘီးနှင့်သွား၍ စက်ဘီးမရှိသော ကလေးများက ခြေလျင်သွားရောက်ရပါသည်။ ထိုကြောင့် စားဝတ်နေရေးအဆင်မပြေသော စီးပွားရေး အခက်အခဲရှိသော အိမ်ထောင်စုများတွင် မူလတန်းပညာကိုသာ သင်ယူကြရသဖြင့် မူလွန်ပညာကိုမရရှိပါ။ ထိုကလေးများသည် ကျောင်းထွက်၍ အရွယ်ရောက်လာလျှင် ထိုင်းနိုင်ငံသို့ အလုပ်လုပ်ရန် လွှတ်ကြသဖြင့် အများသောအားဖြင့် အလယ်တန်းအဆင့်နှင့် ကျောင်းထုတ်သည်မှာ များသည်။ အထက်တန်းအဆင့် တက်နိုင်သောကျောင်းသား/သူ ဦးရေမှာနည်းသဖြင့် ဘွဲ့ရဦးရေမှာ နည်းပါးပါသည်။ အထက်တန်းတွင်လည်း (၁) ကြိမ်ကျပါက ဆက်လက်ထားခြင်းမရှိဘဲ အများစုမှာ အလုပ်လုပ်ခိုင်းကြသည်။ ထိုကြောင့် လက်ရှိပညာရေးအခြေအနေကို သုံးသပ်ရာတွင် ကျောင်းနေအရွယ် ကလေးများ၏ ပညာရေး အခြေအနေမှာ အခက်အခဲရှိနေကြောင်း တွေ့ရပါသည်။ ထိုကြောင့် ကင်းတပ်ကျေးရွာတွင် ကျေးရွာမူလွန်ကျောင်းအဆင့် မြှင့်တင်ပေးရန်နှင့် ပညာရေးအသိပညာဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း၊ သူနာပြုဆရာ/ဆရာမ ၊ ရွာခန့်ဆရာ/ဆရာမများမရှိပါ။ ထိုကြောင့် ကျေးရွာရှိ အိမ်ထောင်စုများ အခြေခံကျန်မာရေးစောင့်ရှောက်မှုကို ရရှိနိုင်ခြင်းမရှိပါ။ ကျေးရွာအုပ်စုရှိ မဇောကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိသော်လည်းကျေးရွာအိမ်ထောင်စုအများစုသည်ထိုဆေးခန်း

တွင် သွားရောက်ကုသခြင်းမရှိဘဲ သာမန်အဖျားအနည်းငယ်ရှိသူများသည် နီးစပ်ရာဆေးဆိုင်များတွင်သာ ဆေးများဝယ်ယူ သောက်သုံးကြပြီး ရောဂါပြင်းထန်လာလျှင် မြိတ်မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက် ကုသရပါသည်။

ကျန်းမာရေး ဟောပြောပွဲများအနေဖြင့် ငှက်ဖျား၊ သွေးလွန်တုပ်ကွေး၊ ဝမ်းပျက် ဝမ်းလျှောရောဂါ ပညာပေးဟောပြောပွဲများကို ပြင်ပအဖွဲ့အစည်းမှ လာလုပ်လေ့ရှိသည်။ ကျေးရွာတွင် ရောဂါဖြစ်ပွားမှုများနည်းပါး၍ ယင်လုံအိမ်သာ မသုံးစွဲနိုင်သော အိမ်ထောင်စုများတွင်သာ ဝမ်းပျက်ဝမ်းလျှောရောဂါများ အနည်းငယ်ဖြစ်ပွားလေ့ရှိသည်။ ကင်းတပ်ကျေးရွာတွင် ယင်လုံအိမ်သာ သုံးစွဲသူအရေအတွက်မှာ အိမ်ထောင်စု (၁၇၅) စုခန့်ရှိပြီး ကျန်အိမ်ထောင်စုများမှာ ဖြစ်သလိုသွားကြသည်။ ကျေးရွာတစ်ရွာလုံး ယင်လုံအိမ်သာသုံးစွဲလာနိုင်စေရန် ကျန်းမာရေးဆိုင်ရာ အသိပညာဆွေးနွေးပွဲများ၊ တန်ဖိုးနည်း ယင်လုံအိမ်သာဆောက်လုပ်နည်းများ ဖြန့်ဝေနိုင်ပါက တစ်ရွာလုံး အသုံးပြုလာနိုင်မည်ဖြစ်ပြီး ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။

## (ဆ) လူငယ် နှင့် ယဉ်ကျေးမှု

လူငယ်များမှာကျေးရွာ၏ သာရေး၊ နာရေး ၊ ဘာသာရေးတို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ဂေါပကအဖွဲ့များနှင့် ပူပေါင်း၍ဆောင်ရွက်ကြပါသည်။ ကျေးရွာရှိလူငယ်များမှာ အထွေထွေဗဟုတအားနည်းပါသည်။ သို့ရာတွင် ကျေးရွာရှိ လူငယ်များမှာ သင်ယူလိုစိတ်ရှိကြသည်။ ကင်းတပ်ကျေးရွာတွင် လူငယ်များ အားကစားလေ့ကျင့်ကစားနိုင်ရန် ဘောလုံးကွင်းလိုအပ်ပါသည်။ Internet အသုံးပြုသူ လူငယ်များလည်း ရှိပါသည်။ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းမှုရှိသော်လည်း ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်ပေးရန်လိုအပ်ပါသည်။

## (ဇ) အခြေခံ အဆောက်အဦးများ လက်လှမ်းမှီမှု လမ်း၊တံတား၊လျှပ်စစ် စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကင်းတပ်ကျေးရွာတွင် ကျေးရွာတွင်းလမ်းသွယ် (၂)ခုရှိပါသည်။ ရွာဝင်လမ်းမှာ ကျောက်လမ်းဖြစ်၍ မိုးရာသီတွင်သွားလာရခက်ခဲခြင်းဖြစ်ပါသည်။ ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်သည်။ ထို့ကြောင့် ကျေးရွာတွင်းလမ်းများကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်လိုကြသည်။ ကင်းတပ်ကျေးရွာသည် တောင်ပတ်လည်တွင်တည်ရှိ၍ မိုးရာသီတွင် တောင်ကျရေများကြောင့် ကျေးရွာအတွင်း ရေမြောင်းတိမ်ခြင်း၊ မိုးရာသီတွင် လမ်းရေကျော်ခြင်း၊ အမှိုက်များစုပုံခြင်း၊ မိုးရာသီတွင် သွားရေးလာရေး အခက်အခဲရှိခြင်း၊ ရေလမ်းခရီး အသုံးပြုမှုမရှိဘဲ ကျေးရွာနှင့် မြိတ်မြို့သို့ သွားလာရာတွင် ကား၊ သုံးဘီးဆိုင်ကယ်နှင့် မော်တော်ဆိုင်ကယ်များကိုသာဦးစားပေးအသုံးပြုသွားလာကြသည်။ကျေးရွာထွက်ကုန်ပစ္စည်း

များကို သယ်ယူပို့ဆောင်ရာတွင် ထော်လာဂျီနှင့်သုံးဘီးဆိုင်ကယ်၊ မော်တော်ဆိုင်ကယ်များကို အဓိကထား၍ အသုံးပြုကြသည်။

ကင်းတပ်ကျေးရွာတွင် မီးသုံးစွဲမှုမှာ တပိုင်တနိုင် မီးပေးသည့် စနစ်ဖြင့် အိမ်ထောင်စု တစ်စုလျှင် (၅၀၀၀) ကျပ်နှုန်းဖြင့် တစ်ရက်လျှင် (၃)နာရီသာ မီးပေးပါသည်။ ကျေးလက်ဦးစီးဌာနမှ အခမဲ့စနစ်ဖြင့် ပေးအပ်ထားသော ဆိုလာဖြင့်လည်း အသုံးပြုနေကြပါသည်။ အသုံးမပြုနိုင်သော အိမ်ထောင်စုများမှာ ရေနံဆီမီးခွက် (သို့) ဖယောင်းတိုင် မီးတို့ဖြင့်အသုံးပြုကြသည်။ ယခုလက်ရှိတွင် ကျေးရွာအတွင်း အစိုးရမီး မရရှိသေးပါ။ လျှပ်စစ်မီးရရှိပက ကျောင်းသားများ၏ ပညာရေး တိုးတက်လာစေမှုနှင့် ကျေးရွာအတွင်းတွင် အသေးစားစီးပွားရေး လုပ်ငန်းများ တိုးတက်လာစေမှုကို အထောက်အပံ့ပေးနိုင်ပါလိမ့်မည်။

အင်းကြီးကျေးရွာတွင် ဖုန်းလိုင်းများကောင်းမွန်စွာ မမိသောကြောင့် တာဝါတိုင်များ စိုက်ထူရန်လိုအပ်ပါသည်။ ထိုကြောင့် သက်ဆိုင်ရာ ဦးစီးဌာန (သို့) စီးပွားရေး လုပ်ငန်းရှင်များနှင့်ချိတ်ဆက်၍ ဖုန်းတာဝါတိုင်များ စိုက်ထူရန် လိုအပ်ပါသည်။ဖုန်းလိုင်းများ ကောင်းစွာမိပါကအင်တာနက်မှတဆင့် သတင်းအချက်အလက်နှင့် နည်းပညာ ရရှိမှု၊ အသိပညာဗဟုသုတများရယူမှုတွင် အထောက်အပံ့ ရစေနိုင်မည်ဖြစ်ကြောင်း သုံးသပ်ကြပါသည်။

### (ဈ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး

ကင်းတပ်ကျေးရွာသည် မိသားစုရွာကဲ့သို့ပင် စည်းစည်းလုံးလုံး နေထိုင်ကြသဖြင့် ပြဿနာကြီးကြီးမားမားဖြစ်လေ့မရှိပါ။ ဘာသာရေးခေါင်းဆောင်များ၏ ဆုံးမမှု၊ လူကြီးသူမများ၏ ကြီးကြပ်မှုဖြင့် အေးချမ်းစွာ နေထိုင်ကြပါသည်။ ကျေးရွာအတွင်း ရံဖန်ရံခါတွင် ပစ္စည်းပျောက်ရှတတ်မှု၊ အသေးစားရန်ပွဲများ ၊ အိမ်တွင်းဆူပူမှုများမှလွဲလျှင် ကြီးကြီးမားမား မှုခင်းဖြစ်ပွားမှု မရှိပါ။

## (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောစိန်ခေါ်မှုများ

ကင်းတပ်ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေစုစုပေါင်းမှာ (၇၀၀) ဦး ရှိပါသည်။ လက်ရှိအထက်တန်းပညာရေးအဆင့်နှင့် ဘွဲ့ရသူဦးရေနည်းနေသော်လည်း ကျေးရွာ၏အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊လူငယ်များ လက်တွဲပြီး ကောင်းမွန်စွာပင် ညှိနှိုင်း လုပ်ဆောင်ကြသော အလေ့အထကောင်းများရှိပါသည်။

မြိတ်မြို့နယ်နှင့် (၂၄)မိုင်ခန့်သာကွာဝေးသည့် ကျေးရွာ တစ်ရွာဖြစ်၍ ကျေးရွာထွက်ထုတ်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ပြီး စပါးစိုက်ပျိုးခြင်းလုပ်ငန်းလုပ်ကိုင်သူများအတွက် ကောင်းသောအခွင့်အလမ်းတစ်ခုပင်ဖြစ်ပါသည်။ သို့သော်လည်း စပါးဈေးနှုန်းကျဆင်းသောကြောင့် စီးပွာရေးအဆင်ပြေမှုမှာ နှောင့်နှေးနေ ပါသည်။ ထိုကြောင့် စပါးဈေးနှုန်းကောင်းမှသာလျှင် ကျေးရွာအတွင်း စီးပွားရေး ပိုမိုအဆင်ပြေလာ မည်ဖြစ်ပါသည်။

ကျေးရွာတွင် မွေးမြူရေး ထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းများရှိသဖြင့် ကြက်နှင့်နွားများကို တိုးချဲ့မွေးမြူရန်အခွင့်အလမ်းသာပါသည်။ သို့သော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လိုအပ်သော နည်းပညာဆိုင်ရာပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေး ရန်လိုအပ်ပါသည်။

ကင်းတပ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိပါ။ ထိုသို့ ကျေးလက်ဆေးပေးခန်းနှင့် ကျန်းမာရေးမှူးရှိပါက အဆင်ပြေနိုင်မည်ဖြစ်ပါသည်။ ကင်းတပ်ကျေးရွာတွင် သောက်ရေ/သုံးရေမှာ ဝယ်သုံးနေရသော်လည်း နွေ၊ မိုး၊ ဆောင်း ရာသီမရွေး လွယ်ကူစွာရရှိပါသည်။

ကျေးရွာတွင် လူငယ်များသည် လူငယ်အသင်းအဖွဲ့အနေဖြင့် ကျေးရွာ၏ သာရေး၊ နာရေးဘာသာရေးတို့တွင် ပါဝင်မှုရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ ကျေးရွာရှိ အိမ်ထောင်စု များသည် ဆွေမျိုးမကင်းကြသူများနှင့် နှစ်ရှည်လများအတူတကွနေထိုင်လာကြသူများ ဖြစ်ကြပြီး ကြီးကြီးမားမားမှုခင်းများဖြစ်ပွါးမှု နည်းပါးခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းတစ်ရပ် လည်း ဖြစ်ပါသည်။

## (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကင်းတပ်ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်း အဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေးဂဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်းလုပ်ဆောင်ချက်များတွင် အားနည်းမှုရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိ ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင် မှုအဖွဲ့အစည်းများနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှု တစ်ရပ် ဖြစ်သည်။

ကင်းတပ်ကျေးရွာတွင် အဓိကစိုက်ပျိုးသီးနှံမှာစပါးဖြစ်ပြီး စပါးဈေးနှုန်းကျဆင်းသော်လည်း အခြားစီးပွါးရေးလုပ်နိုင်ရန် လက်လှမ်းမှီမှုမရှိသဖြင့် စပါးလုပ်ငန်းကိုသာ တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြသည်။ ကင်းတပ်ကျေးရွာတွင် စပါးဈေးကောင်းလာပါက စီးပွါး ရေးပိုမိုအဆင်ပြေမည်ဖြစ်ပါသည်။

မွေးမြူရေး နည်းပညာဝန်ဆောင်မှု အကန့်အသတ်ရှိခြင်း၊ မွေးမြူရေး ဈေးကွက်သဘောတရားများနှင့် ချိတ်ဆက်မှုကွင်းဆက်များအား နားလည်မှုမရှိခြင်းကြောင့် ကင်းတပ်ကျေးရွာ၏ မွေးမြူရေးကဏ္ဍတွင် ကျယ်ကျယ်ပြန့်ပြန့် မွေးမြူလာကြရန် မဝံ့မရဲဖြစ်နေကြပါသည်။ မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်လိုစိတ်များ ထက်သန်နေသော်လည်း နည်းပညာပိုင်း ၊ ငွေရေးကြေးရေးအဆင် မပြေမှု ၊ မြေနေရာများမရှိသဖြင့် မွေးမြူရေးလုပ်ငန်းကို စီးပွါးဖြစ်လုပ်ကိုင်လာနိုင်မည့် အခြေအနေ သို့ ရောက်ရှိရန် ခက်ခဲဦးမည်သာ ဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြသောမိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှု အားနည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းအတွက် နီးစပ်ရာကျေးရွာများနှင့် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ရခြင်း ၊ ကုန်ကြမ်းမှ ကုန် ချောထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။

ကျေးရွာ၏ ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများစီစဉ်ခြင်းနှင့် လိုက်နာကျင့်သုံးသည့် အလေ့အထများ အားကောင်းလာစေရန် နည်းပညာများ အဖွဲ့အစည်းများ နှင့် ချိတ်ဆက်ကြရမည် ဖြစ်ပါသည်။

ကျေးရွာ၏ဓလေ့မှာ ဘွဲ့ရပြီးသူနှင့်လူကြီးများသာ ခေါင်းဆောင်တင်မြှောက်ရန်စဉ်းစားလေ့ရှိသဖြင့် ခေါင်းဆောင်မှုအပိုင်းတွင် စိတ်ပါဝင်စားမှု ရှိသော်လည်း လူငယ်များမှာ နောက်ကျန်နေကြရသည်။ ထိုကြောင့် လူငယ်များအား အဖွဲ့အစည်းများအတွင်း လုပ်ကိုင်နိုင်သည့် အရည်အသွေးများမြှင့်တင်ခြင်း၊ လက်တွဲခေါ်ယူလုပ်ကိုင်ခြင်းစသည့် နည်းလမ်းများရှိသော်လည်း လူငယ်အများစုသည် တစ်ဖက်နိုင်ငံသို့ သွားရောက်လုပ်ကိုင်သူများခြင်းကြောင့် အခက်အခဲများ ရှိနေမည် ဖြစ်ပါသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

ကျွန်ုပ်တို့ ကင်းတပ်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအား ဖြင့် လူမှုစီးပွါးဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်း တိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ထားခဲ့ကြ ပါသည်။

## (က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက် ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့်ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များ အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ရွာလူထုသည် စိုက်ပျိုးရေး ထုတ်ကုန်တိုးမြှင့် ထုတ်လုပ်ခြင်း၊ မွေးမြူရေးများ တိုးတက်လုပ် ကိုင်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၂) လူငယ်များအား ပညာတတ်မြောက်မှု ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာ ရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွါးရှာဖွေနိုင် စွမ်းနှင့် ဝင်ငွေတိုးမြင့်လာရမည်။

(၃) ရွာလူထုသည် ကျေးရွာမီးလင်းရေး ဆောင်ရွက်ပြီး လူနေမှု အဆင့်အတန်း မြင့်မားလာရ မည်။

(၄) ကျေးလက်ဒေသတွင် သောက်သုံးရေ ဖူလုံမှု ရှိစေရမည်။

## (ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက် များကို ရောက်ရှိမည်ဟုယုံကြည်ပါသည်။

(၁) ဒေသအတွင်း ဖြစ်ပေါ်နေသော စပါးဈေးကွက်ကို နားလည်ပြီး ဈေးကွက်မှ တောင်းဆို သော အရည်အသွေးကို ထုတ်လုပ်ပေးနိုင်ရန်အတွက် လိုအပ်သော သွင်းအားစုများနှင့် နည်းပညာ များ စနစ်တကျသုံးစွဲနိုင်ရန် မြို့နယ်စက်မှုသီးနှံဦးစီးဌာန၊ မြိတ်မြို့နယ် စပါးစိုက်ပျိုး ထုတ်လုပ်သူများ အသင်းတို့နှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါသည်။

(၂) ကျဘန်းမိသားစုများအား မွေးမြူရေးလုပ်ငန်းဖြင့် အပိုဝင်ငွေရရှိစေရန် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ အကူအညီဖြင့် တိရစ္ဆာန်ရောဂါ ကာကွယ်ရေး အစီအမံများ လုပ်ဆောင်ခြင်း၊ ကျေးလက်မွေးမြူရေးလုပ်သားများ မွေးထုတ်ပေးခြင်း၊ စနစ်ကျသော ခေတ်မီသော မွေးမြူရေး နည်းပညာသင်တန်းများ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်နေပါသည်။

(၃) ကျေးရွာအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အတွက် ဒေသအတွင်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာစေရန် ဖိတ်ခေါ်ခြင်း၊ အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ စျေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန် ၊ ဒေသထွက်ကုန်များ စျေးနှုန်းပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သောနည်းပညာများ ရရှိရန်နှင့် ချေးငွေလက်လှမ်းမှီမှု ရရှိရန် လိုအပ်နေပါသည်။

(၄) ကျေးရွာအတွင်းတွင် လယ်ယာမြေမရှိသောကြောင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးငွေများမရရှိပါ။ ကျေးရွာအတွင်း ပုဂ္ဂလိကအသေးစားချေးငွေ ဝန်ဆောင်မှုကဏ္ဍများရှိသော်လည်း ကျေးရွာရှိ အခြားအသေးစားလုပ်ငန်းများ အတွက် လုံလောက်မှုမရှိသောကြောင့် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်း များနှင့်ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပါမည်။

(၅) ကျေးရွာအတွင်း လျှပ်စစ်မီးရရှိခြင်းဖြင့် အသေးစားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး၊ တီဗွီများမှတဆင့် ကျေးရွာလူထုအတွက် ဗဟုသုတများ တိုးတက်လာစေခြင်းစသည့် အကျိုးကျေးဇူးများကြောင့် ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန် မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန် အရေးတကြီးလိုအပ်နေပါသည်။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေး ရွာ၏လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေး နိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည်အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက် အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင်အား ထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်

ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

### (ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

ကင်းတပ်ကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ကင်းတပ် ကျေးရွာတွင် ချေးငွေများ ထုတ်ချေးပေးနေသော ပုဂ္ဂလိက အသေးစားချေးငွေဝန်ဆောင်မှုကဏ္ဍများ ရှိသော်လည်း (ကာလတို ချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံ( ဥပမာ- ရော်ဘာ) စိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များ ရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/ သားများ လိုအပ်သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

### (ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကင်းတပ်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှု အားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များရရှိရေးအတွက် ခေတ်မီသော နည်းပညာများလိုအပ်ခြင်းပင် ဖြစ်သည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သော လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက် မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေများအစီအစဉ်ဖြင့် ချိတ်ဆက် လုပ်ဆောင်ပေးနိုင်ပါက မြန် ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်တစ်ပိုင်တစ်နိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို

မြင့်မားလာခြင်း၊ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းစသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှုတိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်ပေမည်။

## (၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ဇယား

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း (၅) နှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါမည်။

### (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် (၅) နှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း (၅) နှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန်လိုအပ်လာပါမည်။ ဆိုးရွားသောသဘာဝဘေးအန္တရာယ်သက်ရောက်မှုများမရှိခဲ့လျှင် (၅)နှစ်တာ ဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း (၅) နှစ်တာအတွင် ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှစ်ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ် အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ (၅)နှစ်တာအတွင်း ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional

classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများတွင် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်များ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**(၁) ကဏ္ဍကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း(Functional classification)**

ဆောင်ရွက်မည့် စီမံချက်နှင့် စီမံချက်ဘတ်ဂျတ်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ- စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်) ၊ (ခ) မည်သည့်ဝန်ကြီး ဌာနနှင့်သက်ဆိုင်သည့် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

**(၂) ရင်းနှီးမြှပ်နှံမှုအမျိုးအစားများကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

စီမံချက်ဘက်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှပ်နှံမှု အမျိုးအစားဖြစ်သည် ကို ဖော်ပြလာခြင်းဖြစ်သည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ- ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
    - လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ /သား အုပ်စု(၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာပိုင်း ဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြား အဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့် ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးရွာအခြေခံအဆောက်အဦးဆိုင်ရာ | | | | | |
| | ၁။ ရွာတွင်းလမ်းဖောက်လုပ်ပေးခြင်း | | | ရွာတွင်းလမ်းဖောက်လုပ်ခြင်း လုပ်ငန်း အားဦးစီးဌာနနှင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့် ပူးပေါင်းဆောင်ရွက်သွား မည်။ | |
| ကျန်းမာသန့်ရှင်းရေးဆိုင်ရာ | | | | | |
| | ၂။ ရေရရှိရေးလုပ်ငန်း | | | အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော် မတီဝင်များ ပူးပေါင်း၍ အဝီစိရေတွင်းတူးဖော်နိုင်ရန် ကျေးလက်ဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်မည်။ | |

**ကျန်းမာသန့်ရှင်းရေးဆိုင်ရာ**

၃။ ရေရရှိရေးလုပ်ငန်း

ကျေးရွာတွင်းရရေရရှိရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက ဦးစီးပြီး ဆောင်ရွက်သွားမည်။

---

**ပညာရေးဆိုင်ရာ**

၄။မဇောကျေးရွာအုပ်စု၊ ကင်းတပ်ကျေးရွာ
အ.မ.ကကျောင်းပြုပြင်ရေးလုပ်ငန်း

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် မူကြိုကျောင်းတည်
ထောင်ဖွင့်လှစ်နိုင်ရန် ရန်ပုံငွေနှင့် နည်းပညာအထောက်
အပံ့ရရှိနိုင်ရန် ပညာရေးဌာနနှင့် အခြားဖွံ့ဖြိုးရေး အေ
ဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်မည်။

---

**အခြေခံအဆောက်အဦဆိုင်ရာ**

၅။ချောင်းကော၊ မြောင်းကောားတူးဖော်

အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်
မတီဝင်များ ပူးပေါင်း၍ အဝီစိရေတွင်းတူးဖော်နိုင်ရန်
ကျေးလက်ဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်မည်။

---

**ပညာရေး**

| | |
|---|---|
| ၆။မူလွန်ကျောင်းအဖြစ် အဆင့်မြှင့်တင်ခြင်း | ကျောင်းကော်မတီအဖွဲ့နှင့်ရှာသူ/ရှာသားများ အားလုံး ပူးပေါင်း၍ပညာရေးဌာနှင့် ချိတ်ဆက်ဆောင်ရွက်မည်။ |

**အခြေခံအဆောက်အဦဆိုင်ရာ**

| | |
|---|---|
| ၇။ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်တင်ခြင်း | ကျေးရွာချင်းဆက်မြေသားလမ်းများကို ကွန်ကရစ်လမ်းသို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးစီးပြီး ဆောင်ရွက်သွားမည်။ |

(ဃ) **အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကိကို ကွင်းဆင်း ဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစားပေးအဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာ၏ အခြေခံအဆောက်အဦဆိုင်ရာကဏ္ဍတိုးတက် ကောင်းမွန်စေရေးအတွက် ရွာတွင်းလမ်းလုပ်ငန်း | ၁ | Â | | | | |
| ၂ | ရေရရှိရေးလုပ်ငန်း | ၂ | | Â | | | |
| ၃ | ရေရရှိရေးလုပ်ငန်း | ၃ | | | Â | | |
| ၄ | မဖောကျေးရွာအုပ်စု ကင်းတပ်ကျေးရွာ မူကြိုကျောင်းဆောက်လုပ်ခြင်းလုပ်ငန်း | ၄ | | | | Â | |
| ၅ | ချောင်းကောမြောင်းကောတူးဖော်ရေးလုပ်ငန်း | ၅ | | | | | Â |

## (၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင် ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကိုဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။၎င်းထဲတွင် စီမံချက်၏ ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ် ၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များပါဝင်ပါသည်။

အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာပိုင်းဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက် ၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ် ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေး ရွာလူထုမှ (၅) နှစ်တာ ကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အ လိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည်ဖြစ်ပါ သည်။

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရ မည်ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါ သည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ် သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ- လုပ် အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) ငွေလုံးငွေရင်း အသုံးစရိတ် | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာမှု ဆိုင်ရာထောက်ပံ့မှု |
| | ကျေးရွာ၏ အခြေခံအဆောက်အဦ ဆိုင်ရာကဏ္ဍတိုးတက် ကောင်းမွန်စေရန်အတွက် | | | | | |
| ၁ | ရွာတွင်းလမ်း ဖောကလုပ်ခြင်းလုပ်ငန်း | | ✓ | | | |
| ၂ | ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးလုပ်ငန်း | | | ✓ | | |
| ၃ | ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးလုပ်ငန်း | | | ✓ | | |
| ၄ | မူကြိုကျောင်းဆောက်လုပ်ခြင်းလုပ်ငန်း | | | ✓ | | |
| ၅ | ချောင်းကောမြောင်းကောတူးဖော်ခြင်းလုပ်ငန်း | | | ✓ | | |

## (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါ သည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါ မည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ယူပေးထားသော အဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေး တာဝန်မှာ မြို့နယ်သက်ဆိုင်ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီအဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည် ဖြင့် ဆောင်ရွက်ပါမည်။

## (၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

အင်းကြီးကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါသည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏လုပ်ငန်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံချက် လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ

သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များဖြစ်ပါမည်။ သုံးလပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီး သည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိ မှု အစီရင်ခံစာ (monitoring report) ကို ကျေးရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ သုံးလပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

## (၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progess)

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့် သောအဆိုပြုချက်များ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

## (၂) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- သုံးလပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အ ခက်အခဲများ ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် သုံးလပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ် ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီး ဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင် ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ ၊ လိုအပ်သော အကူအညီအထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံ ရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြားအသိပေး တင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့

- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေး ထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ- မြို့နယ်အတွင်းရှိ NGOs အဖွဲ့များ) စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း များနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါ မည်။ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင် မည်ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက်လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၄ | ၁၀ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၆ | ၁၉ | ၃၅ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၄၀ | ၃၀ | ၇၀ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၅၁ | ၂၇ | ၇၈ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၆၁ | ၃၃၉ | ၇၀၀ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၇ | ၂၆ | ၅၃ |
| စုစုပေါင်း | | ၅၀၁ | ၄၄၅ | ၉၄၆ |
| စုစုပေါင်း အိမ်ထောင်စု ၁၉၈ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ကင်းတပ်ကျေးရွာတွင် အိမ်ခြေပေါင်း (၁၉၈) အိမ်ရှိပြီး လူဦးရေပေါင်း(၉၄၆) အိမ်ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၇၇) ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှ (၅.၁)ဦးနှုန်း နှင့် နှိုင်းယှဉ်လျှင် လျော့နည်းနေပါသည်။ သို့ရာတွင် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောဦးရေမှာ (၇၄) ရာခိုင်နှုန်းရှိသောကြောင့် လူသားအရင်းအမြစ်များအဖြစ် ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အပံ့များပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀၃ | ၁၀၃ | ၃၅ | မြင့် ✓ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၂၉ | ၂၉ | ၃၁ | မြင့် ✓ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၄ | မြင့် ☐ လတ်☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၅ | | မြင့် ✓ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၂ | မြင့် ✓ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၂ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၆ | ၁၄ | မြင့် ✓ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့် ✓ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၉ | ၉ | ၁၂ | မြင့် ✓ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၄ | ၃ | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၇ | ၄ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၆၅ | ၁၂ | ၆၉ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၃ | မြင့် ☐ လတ်✓ နိမ့် ☐ |
| | စုစုပေါင်း | ၂၂၇ | ၁၄၉ | ၁၈၂ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကင်းတပ်ကျေးရွာတွင် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ကိုင်သူများ နည်းပါးပါသည်။ ကျပန်းအုပ်အလုပ်သားများ ပေါများပါသည်။ တိရစ္ဆာန် မွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်းများတွင် လုပ်ကိုင်သူနည်းပါးပါသည်။ ရာဘာခြံလုပ်သားများ ပေါများပါသည်။ ရာဘာလုပ်ငန်းသည် နွေရာသီတွင်သာ လုပ်ကိုင်ရသောကြောင့် ရာဘာလုပ်ငန်းလုပ်သူများသည် မိုးရာသီတွင် ကျပန်းလုပ်ငန်းလုပ်ကိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၇၉၀၀ | ၅၀၀၀ | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၆၀၀၀ | - | ၆၀၀၀ | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | ၃၅၀၀ | – | ၃၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | ၃၅၀၀ | – | ၃၀၀၀ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** လယ်ယာစိုက်ပျိုးရေး (လယ်) လုပ်ငန်းတွင် နေ့စားပုတ်ပြတ် အလုပ်လုပ်သူများကို ဆိုလိုသည်။ တစ်နေ့တွင် အမျိုးသား(၇၀၀၀)၊ အမျိုးသမီး(၄၀၀၀)ကျပ် ရရှိပါသည်။ အများဆုံးလုပ်ငန်းအဖြစ် ပန်းရံလုပ်ကိုင်သူများတွင် အမျိုးသား(၁၀၀၀၀)၊ အမျိုးသမီး (၆၀၀၀) ကျပ်ခန့် ရရှိပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရာတွင် လစာဖြင့် တစ်ရွာလုံးတွင် (၂)ဦးခန့်သာ လုပ်ကိုင်၍ အမျိုးသားမှာ အများဆုံးမှာ (၇၉၀၀)ကျပ်ခန့် ရရှိပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

## (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၃၆.၅ | ကောင်း ✔ သင့်☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂၂၆.၅ | ကောင်း ✔ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၄၇.၅ | ကောင်း ✔ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | ၇.၇ | ကောင်း ☐ သင့် ✔ ညံ့ ☐ |
| **စုစုပေါင်း** | **၈၁၀.၅** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးမြေအများစုမှာ လယ်ယာစိုက်ပျိုးကြပြီး မြေဆီလွှာအရည်အသွေး ကောင်းမွန်သည်ဟုဆိုပါသည်။ စိုက်ပျိုးမြေများသည် ရေသွင်းစိုက်ပျိုးရန်လိုအပ်ပြီး၊ ရေသွင်းစိုက်ပျိုးရန်အတွက် ရေအရင်းအမြစ် လည်းရှိပါသည်။ လယ်စိုက်ပျိုးခြင်းကို အဓိကထားလုပ်ကိုင်ကြပြီး ကွမ်းသီးနှင့် ရာဘာစိုက်ပျိုးခြင်းကိုလည်း အနည်းငယ်စီ လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးမြေတိုးချဲ့ရန်အခွင့်အလမ်းမရှိပါ။

## (၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ✔ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ✔ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✔ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ✔ နည်း ☐ မရှိ ☐ | လွယ် ✔ ခက်☐အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ✔ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအခြေအနေကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော အချက်အလက်များ (၁၆ ၁၇ ရက်၊ ဇန်နဝါရီလ၊ ၂၀၁၈ခုနှစ်) မှရယူပါသသည်။

### (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | (၅-၁၀) ဧကအထက် | (၁-၄) ဧကကြား | အိမ်မြေ | - |
| အိမ်အခြေအနေ | တိုက်၊ (၂) ထပ်၊(၁) ထပ်၊သွပ်မိုး | တိုက်တစ်ပိုင်းအိမ်တစ်ပိုင်း၊ ပျဉ်ထောင်အိမ် | ယိုင်၊ဝါး၊ဓနိကာ၊ ပျဉ်ကာ | ယိုင်၊ဝါး၊ဓနိကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ ဆိုင်ကယ်၊ ကုန်စုံဆိုင် | ဆိုင်ကယ်၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ် | ဆိုင်ကယ်၊နွား | ဆိုင်ကယ် |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၂၀ | ၄၀ | ၆၃ | ၄၅ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ကျေးရွာအိမ်ထောင်စု၏ (၂၂.၇၂%) သည် ဆင်းရဲသားအိမ်ထောင်စုများ ဖြစ်ကြသည်။ အဆင်ပြေသော အိမ်ထောင်စုတွင် လယ် (၅-၁၀) ဧကအထက်ပိုင်ဆိုင်သူများ၊ အချို့မှာ ရာဘာခြံမရှိဘဲ ကား(၁) စီး၊ ဆိုင်ကယ် (၂) စီး၊ အိမ်အခြေအနေမှာ တစ်ထပ်တိုက် များ ဖြစ်ကြ၍ အချို့မှာ ကုန်စုံဆိုင်များ ဖွင့်လှစ်ရောင်းချသူများ ဖြစ်ကြသည်။ အလယ်အလတ်အိမ်ထောင်စုမှာ (၄၀) အိမ်စု ခန့် ရှိပြီး၊ ယေဘုယျအားဖြင့် လယ် (၁-၄) ဧကကြား၊ ဆိုင်ကယ် (၁) စီး၊ နွား၊ မြက်ရိတ်စက်၊ ရေစုပ်စက်၊ ထော်လာဂျီ၊ ကွမ်းခြံ အနည်း ငယ်ပိုင်ဆိုင်သူများ ဖြစ်ကြသည်။အိမ်အခြေအနေမှာ တိုက်တစ်ပိုင်းအိမ်တစ်ပိုင်း၊ ပျဉ်ထောင်အိမ်များ ဖြစ်ကြပြီး ၊ မိသားစုအချို့မှာ အိမ်ဆိုင်လေးများ ဖွင့်လှစ်ရောင်းချသူများ ဖြစ်ကြသည်။ ဝင်ငွေနည်း မိသားစုများမှာ ကျေးရွာအိမ်ထောင်စု၏ (၄၆.၈၇%) ဖြစ်ပြီး ၊ ဆိုင်ကယ် (၁) စီး ပိုင်ဆိုင်၍ အိမ်အနေအထားမှာ ယိုင်၊ ဝါး၊ ဓနိကာ၊ ပျဉ်ကာများဖြစ်ကြပြီး အချို့မှာ ဆိုင်ကယ်မပိုင်ဆိုင်သော အိမ်များလည်း ရှိပါသည်။ ဝင်ငွေအနည်းဆုံးသော မိသားစုများမှာ မြေယာမဲ့များ ဖြစ်ကြပြီး ကျဘန်းလုပ်သားများ ဖြစ်ကြသည်။

### (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၄၁ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ___၃___<br>ချေးယူ = ___၁၀___<br>လုပ်အားခကြိုယူ = ___၂၈___ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၄၃ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ___၆___<br>ချေးယူ = ___၂၂___<br>လုပ်အားခကြိုယူ = ___၁၅___ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၅၄ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ___၄၆___<br>လုပ်အားခကြိုယူ = ___၆၂___ |

ရင်းမြစ်..ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** အိမ်ထောင်စုအများစုမှာ လယ်စိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကလုပ်ကိုင်ခြင်းကြောင့် ဆန်အစား အခြားအစားအစာပြောင်းလဲစားသောက်ရခြင်းမျိုးမရှိပါ။ အိမ်ထောင်စု အများစုသည် မြေယာမဲ့ကျပန်းများ၊ လက်လုပ်လက်စားများ အလုပ်လက်မဲ့အချိန်တွင် ဈေးအကြွေးယူခြင်း၊ အတိုးဖြင့်ငွေချေးယူခြင်း၊ စိုက်ဘဏ်မှ သမဝါယမချေးငွေတို့တွင် ချေးယူစားသုံးခြင်း၊ အခြားဒေသသို့သွားရောက်အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။ အဓိကပြဿနာတစ်ရပ်မှာ ဝင်ငွေရရှိရန် နိုင်ငံခြား(ထိုင်းနိုင်ငံ)သို့ အားကိုးနေကြရသဖြင့်အလုပ်

အကိုင်အခွင့်အလမ်းအတွက်ရှားပါးလျှက်ရှိပါသည်။

### (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၈ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁၄ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၂၀ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျွန်ုပ်တို့ကျေးရွာတွင် ထိခိုက်လွယ်မိသားစု ပုဂ္ဂိုလ်များမှာ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု၊ ဆင်းရဲ၍ မိသားစုဦးရေများသည့်မုဆိုးဖို၊ တစ်ခုလပ် အိမ်ထောင်စုနှင့် အခြားဒေသသို့ ကြားမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စုများဖြစ်ကြပါသည်။ ထိုအိမ်ထောင်စုများမှာ ကျေးရွာများတွင် အများစုဖြစ်ကြပြီး စားကြွေးတင်နေကြသူများဖြစ်ကြပါသည်။ ရာသီမတိုင်မီ အကြွေးယူစားသုံးနေကြရပြီး အလုပ်ချိန်ရောက်လာလျှင် လုပ်အားဖြင့်ပြန်လည်ပေးဆပ်ရသော အိမ်ထောင်စုများဖြစ်ကြပါသည်။ အခြားဝင်ငွေရ အသက်မွေးဝမ်းကျောင်းအလုပ်များလုပ်ကိုင်ရန် အခက်အခဲများရှိခြင်းကြောင့် စီးပွားရေးထိခိုက်မှုများဖြစ်ပါက ရပ်တည်ရန် ခက်ခဲသဖြင့် ထိခိုက်လွယ်သူများဖြစ်ကြပါသည်။

### (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။
အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် – နိမ့်
အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု – လတ်
အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် – မြင့်)

**လေ့လာတွေ့ရှိချက်။** ။ ကင်းတပ်ကျေးရွာအနေဖြင့် စားနပ်ရိက္ခာ မဖူလုံမှုမှာတော့ အဆင်မပြေမှုများ နည်းနည်းပါးပါး တွေ့ရှိရပါသည်။ သဘာဝအရင်းအမြစ်စိုက်ပျိုးရေးမှာ တိုးချဲ့ရန် စိုက်ပျိုးမြေများရှိသော်လည်း ငွေအင်အားမတတ်နိုင်ခြင်းများ အခြေအနေရှိပါသည်။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ လျှော်မီးဘေး၊ ဆားငန်ရေဝင်မြေ မရှိပါ။ သစ်တောပြုန်းတီးမှုမှာမရှိပါ။ ကိုယ်ခံအားကျဆင်းမှုရောဂါနှင့် လူကုန်ကူးမှုမှာတော့ တစ်ယောက်၊ နှစ်ယောက်ခန့်သာ ရှိပါသည်။ တိရစ္ဆာန်

ကူးစက်ရောဂါမှာလည်း သိပ်မရှိပါ၊ လမ်းပန်း ဆက်သွယ် ရေး၊လူကုန်ကူးမှုမရှိပါ။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| **စဉ်** | **ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ** | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ✔ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့် ✔ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

**လေ့လာတွေ့ရှိချက်။** ။ အခြားဒေသသို့ရွှေ့ပြောင်းလုပ်ကိုင်သူများမှာ အလုပ်လုပ်နိုင်သောအရွယ် (၁၅နှစ်မှ ၆၄နှစ်)ကြား သက်လတ်ပိုင်းအရွယ် အများစုဖြစ်၍ ကူးစက်ရောဂါဖြစ်ပွားနိုင်ခြင်း၊ အမျိုးသမီးဦးဆောင်သောမိသားစုများ၊ ကျပန်းမိသားစုများမှာ သဘာဝအရင်းအမြစ်များ ရှားပါး၍ အလုပ်အကိုင်နည်းပါးမှုကြောင့် စားနပ်ရိက္ခာဖူလုံရန် ခက်ခဲခြင်းတို့ဖြင့် ရင်ဆိုင်နေကြရသည်။

### (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ ကျား | မ | ပေါင်း | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| ၁ | နာရေးကူညီမှုအသင်း | ၁☐ ၂☐ ၃☐ | ၉၀ | ၇၀ | ၁၆၀ | ပညာရေး ✔ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ✔<br>သင့် ☐<br>ညံ့ ☐ |
| ၂ | စာသင်ကျောင်း ကော်မတီ | ၁☐ ၂☐ ၃☐ | ၃ | ၄ | ၇ | ပညာရေး ✔ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✔<br>ညံ့ ☐ |
